ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

Office of the Securities and Exchange Commission of Myanmar


| ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လ အထိ | အတွဲ ၅၊ အမှတ် ၁၊ ဧပြီလ ၂၀၂၆ | www.secm.gov.mm |
|---|---|---|




# အရင်းအနှီးဈေးကွက်သတင်းလွှာ

## *Capital Market Bulletin*




ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ (၃)လတစ်ကြိမ် ထုတ်ဝေသည်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကော်မရှင်ရုံး၏လုပ်ငန်းဆောင်ရွက်ချက်များ | ၁-၃ |
| ကော်မရှင်အစည်းအဝေးများ | ၁ |
| ကော်မရှင်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ | ၁ |
| ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT) အသိပညာမျှဝေခြင်း | ၁ |
| ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပခြင်း | ၂ |
| ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ အစီရင်ခံစာပေးပို့ခြင်း | ၂ |
| ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ် လုပ်ငန်းလိုင်စင်အသိအမှတ်ပြုလက်မှတ် (Certificate) ပေးအပ်ခြင်းအခမ်းအနား | ၂ |
| လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး | ၃ |
| ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာမျှဝေခြင်း | ၃ |
| (AML/CFT) ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း | ၃ |
| အမေရိကန်ငွေတိုက်စာချုပ်ရနှုန်းများ သိသာစွာကျဆင်းခဲ့ခြင်းကြောင့် ဒေါ်လာငွေချေးစာချုပ်များ၏ ၉၀ ရာခိုင်နှုန်း ဈေးတက်ခဲ့သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (ဆောင်းပါး) | ၄-၆ |
| ဈေးကွက်ဆိုင်ရာ အချက်အလက်များ | ၇ |
| အာဆီယံဆိုင်ရာသတင်းများ | ၈ |



# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ



## ကော်မရှင်အစည်းအဝေးများ






၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအထိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ (၁/၂၀၂၆)နှင့် (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးတို့ကို ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အခြားတဖက်တွင်လည်း ထုတ်ပြန်ပြီးသည့် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်များအား ပြင်ဆင်ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ ယခုနှစ် စတုတ္ထသုံးလပတ်တွင် ကော်မရှင်၏ ပုံမှန် အစည်းအဝေး(၂)ကြိမ် ကျင်းပခဲ့ပါသည်။

## ကော်မရှင်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ





၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁) ကြိမ် ကျင်းပခဲ့ပါသည်။

## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) အသိပညာမျှဝေခြင်း

၈-၃-၂၀၂၆ ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်း (YSX)မှ ဖွင့်လှစ်သည့် Online Basic Stock Investment Training Course (001/2026) သင်တန်းတွင် AML/CFT ဆိုင်ရာ အသိပညာမျှဝေခဲ့ပါသည်။

## ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း



၁၉-၁-၂၀၂၆ ရက်နေ့တွင် (၁/၂၀၂၆) ကြိမ်မြောက် ပြည်တွင်း ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ အစည်းအဝေးကို Virtual ဖြင့် ကျင်းပခဲ့ရာမြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေတိုက်ဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ကော်မတီအဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ အထောက်အကူပြုလုပ်ငန်း အဖွဲ့ဝင်များ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

## ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ အစီရင်ခံစာပေးပို့ခြင်း

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ သတ်မှတ်ပမာဏထက် ကျော်လွန်သော လွှဲပြောင်းဆောင်ရွက်မှု အစီရင်ခံစာများနှင့် သတင်းပို့အဖွဲ့အစည်းများ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ AML/CFT ဆိုင်ရာ ရုံးထိုင်စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ(မြန်မာ၊အင်္ဂလိပ်)အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။

## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် အသိအမှတ်ပြုလက်မှတ် (Certificate) ပေးအပ်ခြင်းအခမ်းအနား



၆-၃-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ဦးဆောင်၍ **"ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် အသိအမှတ်ပြုလက်မှတ် (Certificate) ပေးအပ်ခြင်း အခမ်းအနား"**ကို ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးအဖွဲ့များနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် စာမေးပွဲအောင်မြင်သူများအပါအဝင်စုစုပေါင်း (၄၂) ဦး တက်ရောက်ခဲ့ကြပါသည်။

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

**အောက်ပါသင်တန်းသို့ အရာထမ်း (၁) ဦး အမှုထမ်း(၁)ဦးစေလွှတ်ခဲ့ပါသည်-**

- ၂၄-၂-၂၀၂၆ ရက်နေ့မှ ၂၅-၃-၂၀၂၆ ရက်နေ့ထိ Financial Management and Accounting

**အောက်ဖော်ပြပါပြည်တွင်း/ပြည်ပဆွေးနွေးပွဲ၊ အစည်းအဝေး၊ သင်တန်းများသို့ Virtual ဖြင့် ဝန်ထမ်းများအား တက်ရောက်စေခဲ့ပါသည်-**

1. mARs Guide Workshop 2. WC-CMD Meeting 3. 44th ACMF Chairs Meeting

4. ထိုင်းနိုင်ငံ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံး (AMLO)မှ ပို့ချသည့် AML/CFT ဆိုင်ရာသင်တန်း

## ဌာနတွင်း စာရင်းစစ်ဆေးရေးအဖွဲ့များအတွက် အထူးကာလတိုသင်တန်း



၃-၃-၂၀၂၆ ရက်နေ့မှ ၄-၃-၂၀၂၆ ရက်နေ့ထိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း(နေပြည်တော်)၌ ဌာနတွင်း စာရင်းစစ်ဆေးရေးအဖွဲ့များအတွက် အထူးကာလတို သင်တန်းအမှတ်စဉ် (၄) သို့ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ အရာထမ်း(၂)ဦး တက်ရောက်ခဲ့ပါသည်။

## (AML/CFT) ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း





၁၆-၃-၂၀၂၆ ရက်နေ့မှ ၂၀-၃-၂၀၂၆ ရက်နေ့ထိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(နေပြည်တော်)၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆)တွင် ညွှန်ကြားရေးမှူးမှ AML/CFT ဆိုင်ရာ အသိပညာမျှဝေခြင်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးမှ အရာထမ်း (၅)ဦး တက်ရောက်ခဲ့ပါသည်။

ဆောင်းပါး


## အမေရိကန်ငွေတိုက်စာချုပ်ရနှုန်းများ သိသာစွာကျဆင်းခဲ့ခြင်းကြောင့် ဒေါ်လာငွေချေးစာချုပ် များ၏ ၉၀ ရာခိုင်နှုန်း ဈေးတက်ခဲ့သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒေါ်လာ ငွေချေးစာချုပ်များ၏ ၉၀ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့သောကြောင့် ငွေချေးစာချုပ် ရင်းနှီးမြှုပ်နှံသူများ အကျိုးအမြတ် ရရှိခဲ့ကြသည်။ ပထဝီနိုင်ငံရေး တင်းမာမှု မြင့်တက်လာခြင်းနှင့် အစုရှယ်ယာ ဈေးကွက်မတည်ငြိမ်ခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့် အဆင့်ရှိ (Investment Grade – IG) ငွေချေးစာချုပ်များ၏ ၉၃ ရာခိုင်နှုန်း နှင့် ရနှုန်းမြင့် (High Yield – HY) ငွေချေးစာချုပ်များ၏ ၈၁ ရာခိုင်နှုန်း အသီးသီး ဈေးမြင့်တက် ခဲ့ကြသည်။ ဗဟိုဘဏ်သည် နှစ်ကုန်၌ လက်ရှိအတိုးနှုန်းကို အခြေခံအမှတ် ၆၀ ခန့် ထပ်မံလျှော့ချနိုင်သည်ဟု ဈေးကွက်အတွင်း ခန့်မှန်းလျက်ရှိသည်။

၅ နှစ်သက်တမ်းနှင့် ၁၀နှစ် သက်တမ်းရှိ ငွေတိုက်စာချုပ်များ၏ ရနှုန်းများသည် အခြေခံအမှတ် ၃၀ နီးပါး လျော့ကျ ခဲ့ပြီးနောက် ငွေတိုက်စာချုပ် ရနှုန်းပြမျဉ်းကွေးသည် ဖေဖော်ဝါရီလ၌ သိသာစွာ ကျဆင်းခဲ့သည်။ ငွေကြေးဖောင်းပွမှု အခြေအနေကို ကြည့်မည်ဆိုပါက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန် စားသုံးသူဈေးဆနှုန်းကိန်း (CPI)သည် ယခင်နှစ်ဇန်နဝါရီလထက် ၂.၅ ရာခိုင်နှုန်း မြင့်တက်မည်ဟု မျှော်မှန်း ထားသော်လည်း ၂.၄ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ ဒီဇင်ဘာလ၏ ၂.၇ ရာခိုင်နှုန်း အောက်သို့ ကျဆင်းခဲ့ပါသည်။ အခြေခံ စားသုံးသူဈေးဆနှုန်းကိန်း (Core CPI) သည် ယခင်နှစ် မျှော်မှန်းထားသကဲ့သို့ ၂.၅ ရာခိုင်နှုန်းမြင့် တက်လာခဲ့ပြီး ဒီဇင်ဘာလ၏ ၂.၆ ရာခိုင်နှုန်းအောက် လျော့နည်းခဲ့သည်။ ယင်းသည် ၂၀၂၁ ခုနှစ်၊ မတ်လ နောက်ပိုင်း အနိမ့်ဆုံး အခြေခံငွေကြေးဖောင်းပွမှု (Core Inflation) ဖြစ်သည်။ သို့ရာတွင် ပထဝီနိုင်ငံရေး၌ အမေရိကန်၏ တစ်ကမ္ဘာလုံးအပေါ် သွင်းကုန်ခွန် ၁၅ ရာခိုင်နှုန်း သတ်မှတ်လိုက်ခြင်းနှင့်အမေရိကန်-အီရန် နှစ်နိုင်ငံအကြား တင်းမာမှုများသည် ဈေးကွက်အပေါ် ဖိအားသက်ရောက် စေခဲ့ပါသည်။ ထို့အပြင် ဉာဏ်ရည်တု (Artificial Intelligence – AI)သည် နည်းပညာကဏ္ဍနှင့် အခြား စက်မှုလုပ်ငန်းများအပေါ် သက်ရောက်နိုင်ခြေ မြင့်တက်လာခြင်းက အစုရှယ်ယာ ဈေးကွက် ကျဆင်းမှုကို ဖြစ်စေခဲ့သည်။

ထိုကဲ့သို့ ဖိအားများ ရှိနေခဲ့သော်လည်း အမေရိကန်ပြည်ထောင်စု၏ အခြားသောမေခရိုစီးပွားရေးဆိုင်ရာ အချက်အလက်များကမူခိုင်မာသည့် စီးပွားရေးအခြေအနေကို ဖော်ပြလျက်ရှိပါသည်။ဇန်နဝါရီလ၏ လယ်ယာလုပ်ကိုင်သူများနှင့် အစိုးရဝန်ထမ်းများ မပါဝင်သည့် အလုပ်သမားဈေးကွက် (Non Farm Payroll – NFP) ဆိုင်ရာဖော်ပြချက်အရ အလုပ်အကိုင်သစ် ၆၅,၀၀၀ ဖန်တီးပေးနိုင်ရန် မျှော်မှန်းထားသော်လည်း ယခင်နှစ်၏ ၂ ဆ ဖြစ်သည့် ၁၃၀,၀၀၀ အထိ ဖန်တီးပေးနိုင်ခဲ့ပါသည်။ ပြီးခဲ့သော ဒီဇင်ဘာလတွင်မူ ၄၈,၀၀၀ သာ ဖန်တီး ပေးနိုင်ခဲ့သဖြင့် ဇန်နဝါရီလတွင် ယင်းထက် ပိုမိုဖန်တီးပေးနိုင်ခဲ့ပါသည်။ အလုပ်လက်မဲ့နှုန်းတွင် ၄.၄ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသော်လည်း ၄.၃ ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။ ပျမ်းမျှတစ်နာရီ လုပ်ခလစာ

**ဆုံးရှုံးနိုင်ခြေမြင့်မားမှုကြောင့် ကျဆင်းခဲ့သည့် ရနှုန်းပြမျဉ်းကွေး**




Source:Bloomberg, BondbloX .Created with Datawrapper

စာမျက်နှာ ၅ သို့

(Average Hourly Earnings – AHE) သည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက မျှော်မှန်းထားသည့်အတိုင်း ၃.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အရင်းအမြစ် စီမံခန့်ခွဲမှု အင်စတီကျု (Institute of Supply Management – ISM) ၏ ကုန်ထုတ်လုပ်မှု ညွှန်ကိန်းသည် ၄၇.၉ မှ ၅၂.၆ သို့ မြင့်တက်ခဲ့ပြီး လပေါင်း ၄၀ အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ ယင်းသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အနေဖြင့် ကုန်ထုတ်လုပ်မှုတိုးချဲ့သည့် အနေအထားသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။ AAA မှ A- အဆင့်ရှိ ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့် ငွေတိုက်စာချုပ်များတွင် ၂၀၅၀ ပြည့်နှစ်နောက်ပိုင်းသက် တမ်းပြည့်မည့် ပနားမား ၊ ပီရူး ၊ ချီလီ ၊ စပိန် ၊ တရုတ် နိုင်ငံများ၏ ငွေတိုက်စာချုပ်များနှင့် Charter Communications ၊ Occidental နှင့် အခြားကုမ္ပဏီများ၏ ငွေချေးစာချုပ်များသည် ၅ ရာခိုင်နှုန်း ကျော်မြင့်တက်ခဲ့သည်။ ဈေးနှုန်းကျဆင်းခဲ့သည့် ငွေချေးစာချုပ်များအနက် Kyndryl ၏ ငွေချေးလက်မှတ်များသည် ၅ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပြီး ယင်း၏ နောက်တွင် Alpek ၊ Concentrix နှင့် F&G တို့က အစဉ်လိုက် ကပ်လျက်တည်ရှိ နေပါသည်။

ရှနှုန်းမြင့် ငွေချေး စာချုပ်များတွင် Frontera Energy ၏ ဒေါ်လာငွေချေးစာချုပ်များသည် ဇန်နဝါရီလတွင် ၃၁ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပြီး အမြတ်အများဆုံးရရှိသည့် ငွေချေးစာချုပ်အဖြစ်ရပ်တည်ခဲ့သည်။ ဤသို့ မြင့်တက်ခဲ့ခြင်းမှာ GeoPark ကုမ္ပဏီက ကိုလံဘီယာ နိုင်ငံရှိ Frontera ကုမ္ပဏီ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုင်ဆိုင်မှုများကို ဒေါ်လာသန်း ၄၀၀ အပြင် အခြား ပေးရန်ရှိသော ကြွေးမြီများပါ ဝယ်ယူရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းကြောင့်ဖြစ်သည်။ထို့ပြင် Tullow Oil ကုမ္ပဏီ၏ ငွေချေးစာချုပ်များသည် ငွေချေးစာချုပ်ကိုင်ဆောင်ထားသူ သုံးပုံနှစ်ပုံခန့်နှင့် ငွေထုတ်ချေးပေးထားသည့် Glencore Energy UK Ltd. တို့က ငွေချေးစာချုပ်များအတွက် ရင်းနှီးငွေ ပြန်လည် ပေးဆပ်ရမည့် ကာလကို ရွှေ့ဆိုင်းပေးရန် သဘောတူညီ ခဲ့ကြပြီးနောက် ၁၅ ရာခိုင်နှုန်း ဈေးမြင့်တက်ခဲ့ပြီး ဒုတိယ အမြတ်အများဆုံး အဖြစ်ရပ်တည်ခဲ့ပါသည်။ NWD ကုမ္ပဏီ၏ သက်တမ်းမဲ့ ငွေချေး စာချုပ်များ (Prepetual Bond) သည် ၂၀၂၆ ခုနှစ်၊ ပထမနှစ်ဝက် အတွင်း လူနေအိမ်ရာ စီမံကိန်းအသစ် (၃) ခု စတင်မည်ဖြစ်ကြောင်း ကြေညာပြီးနောက် ၈ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီလအတွင်း ဟောင်ကောင်အခြေစိုက် အခြား အိမ်ခြံမြေကုမ္ပဏီများဖြစ်သည့် Lai Sun နှင့် Far East ကုမ္ပဏီတို့၏ ငွေချေးစာချုပ်များသည်လည်း ၁၀ ရာခိုင်နှုန်းစီ မြင့်တက်ခဲ့သည်။နိုင်ငံခြားကုမ္ပဏီများမှ ဈေးနှုန်းချိုသာသော သွင်းကုန်များတင်သွင်းမှုကို ဥရောပသမဂ္ဂက တင်းကျပ်စွာ အရေးယူ ဆောင်ရွက်ပြီးနောက် Ineos ကုမ္ပဏီ၏ ငွေချေး စာချုပ်များသည် ဇန်နဝါရီလအတွင်း ၅ ရာခိုင်နှုန်း မှ ၁၁ ရာခိုင်နှုန်းအထိ ဈေးမြင့်တက်ခဲ့သည်။ ဆီနီဂေါနိုင်ငံ၏ ဒေါ်လာ ငွေတိုက်စာချုပ်များသည် မတ်လတွင် သက်တမ်းပြည့်မည့် ယူရို ငွေတိုက်စာချုပ်များအား ပေးချေရန် ရန်ပုံငွေရှာဖွေနိုင်ခဲ့ပြီးနောက် ၆ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ MetInvest ကုမ္ပဏီသည် ငွေချေးစာချုပ် အသစ်ထုတ်ဝေရန် ရင်းနှီးမြှုပ်နှံသူများ၏စိတ်ဝင်စားမှုအပေါ် တိုင်းတာမှုများ ပြုလုပ်ပြီးနောက်ယင်း၏ ဒေါ်လာငွေချေးစာချုပ်များသည် ၇ ရာခိုင်နှုန်း မှ ၁၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

Raizen ကုမ္ပဏီ၏ ဒေါ်လာငွေချေးစာချုပ်များသည် ကြွေးမြီပေးဆပ်နိုင်ခြေအဆင့် သတ်မှတ်သည့် အဖွဲ့အစည်း ၃ ခု လုံးက ယင်း၏ ကြွေးမြီပေးဆပ်နိုင်ခြေ အဆင့်ကို အဆင့်များစွာ လျှော့ချသတ်မှတ် ခဲ့ပြီးနောက် ဖေဖော်ဝါရီလ အတွင်း ၄၀ ရာခိုင်နှုန်းမှ ၄၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကာ ဆုံးရှုံးမှု အများဆုံးအဖြစ် ရပ်တည်ခဲ့သည်။ Vista Land ၏ ငွေချေးစာချုပ်များသည် ဇန်နဝါရီလတွင် ဖိလစ်ပိုင် SEC က ကုမ္ပဏီဦးဆောင်သူနှင့် ဒါရိုက်တာအဖွဲ့ဝင်များကို ဈေးကွက်မငြိမ်မသက်ဖြစ်စေမှု ၊ အတွင်းသတင်းအချက်အလက်များအသုံးပြု၍ ရောင်းဝယ်မှုတို့ဖြင့် တရားစွဲဆို ခဲ့ပြီးနောက် ၂၃ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။ Xerox ၏ ဒေါ်လာငွေချေး စာချုပ်များသည် ကုမ္ပဏီက ကြွေးမြီ လျှော့ချရန်နှင့် ဘဏ္ဍာရေးတည်ငြိမ်မှု ပြန်လည်ရရှိရန် ရည်ရွယ်၍ ပင်မလက် ကျန်ရှင်းတမ်းကို ပြန်လည်ပြင်ဆင်ရေး ဆွဲပြီးနောက် ၁၃ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့မှုနှင့်အတူဆက်လက်၍လည်း ကျဆင်း

စာမျက်နှာ ၆ သို့

လျက်ရှိသည်။ CSN ၏ ငွေချေးစာချုပ်များသည်လည်း ဘရာဇီးနိုင်ငံ၏ ကော်ပိုရိတ်ငွေချေးစာချုပ် ဈေးကွက်အတွင်း Raizen ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်နိုင်ခြေအဆင့် လျှော့ချခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့်ငွေချေးစာချုပ်ရောင်းချမှုများ မြင့် တက်ခဲ့ခြင်းနှင့် Moody မှ CSN၏ ကြွေးမြီပေးဆပ်နိုင်ခြေ အဆင့်ကို B2 သို့ လျှော့ချခဲ့ပြီးနောက် ၁၀ ရာခိုင်နှုန်း မှ ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။

**ငွေချေးစာချုပ်ထုတ်ဝေမှုပမာဏ**

ဖေဖော်ဝါရီလ အတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကော်ပိုရိတ်ဒေါ်လာ ငွေချေးစာချုပ် ထုတ်ဝေမှုသည် ၃၂၆.၂ ဘီလီယံ ရှိခဲ့ပြီး ဇန်နဝါရီလအောက် ၃၇ ရာခိုင်နှုန်းသို့ လျော့နည်းခဲ့ပြီး ယခင်နှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ထုတ်ဝေ မှုပမာဏ စုစုပေါင်း၏ ၈၂ ရာခိုင်နှုန်းသည် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့် အဆင့်ရှိ ငွေချေးစာချုပ်များဖြစ်ပြီး ၁၅ ရာခိုင်နှုန်းသည် ရနှုန်းမြင့် ငွေချေးစာချုပ်များ ဖြစ်၍ အဆင့် သတ်မှတ်ချက်မရှိသည့် ငွေချေးစာချုပ်များသည် ၃ ရာခိုင်နှုန်း ပါဝင်ပါသည်။

ဂျပန်မပါဝင်သည့် အာရှနိုင်ငံများနှင့် အရှေ့ အလယ်ပိုင်းဒေသတို့မှ ဒေါ်လာ၊ ယူရို၊ ယန်းဖြင့် ထုတ်ဝေသည့် ငွေချေးစာချုပ် စုစုပေါင်း တန်ဖိုးသည် ဒေါ်လာ ၂၅.၅ ဘီလီယံ ရှိခဲ့ပြီး ဇန်နဝါရီလအောက် ၇၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယခင်နှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၃၅ ရာခိုင်နှုန်းလျော့နည်းခဲ့ပါသည်။ ထုတ်ဝေမှုပမာဏ စုစုပေါင်း၏ ၇၃ ရာခိုင်နှုန်းသည် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့်အဆင့်ရှိ ငွေချေးစာချုပ်များဖြစ်ပြီး၊ ၁၉ ရာခိုင်နှုန်းသည်ရနှုန်းမြင့် ငွေချေးစာချုပ်များဖြစ်၍ ၈ ရာခိုင်နှုန်းသည် အဆင့်သတ်မှတ်ချက်မရှိသည့် ငွေချေးစာချုပ်များ ဖြစ်ပါသည်။

**ပမာဏမြင့်မားသည့် ထုတ်ဝေရောင်းချမှုများ**

ကမ္ဘာလုံးဆိုင်ရာ ငွေချေးစာချုပ်ထုတ်ဝေမှုများကို အမေရိကန် ကုမ္ပဏီများက ပမာဏ မြင့်မားစွာထုတ်ဝေ၍ ဦးဆောင်ခဲ့ပါသည်။ Oracle ကုမ္ပဏီ၏ ဒေါ်လာ ၂၅ ဘီလီယံအား အပိုင်း ၈ ပိုင်းဖြင့် ကမ်းလှမ်း ရောင်းချမှုသည် ထိပ်ဆုံးမှ ဦးဆောင်ခဲ့ပြီး ယင်းနောက်၌ Alphabet ကုမ္ပဏီ၏ ဒေါ်လာ ၂၀ ဘီလီယံအား အပိုင်း ၇ ပိုင်းဖြင့် ကမ်းလှမ်း ရောင်းချမှုနှင့် Abbott Lab ကုမ္ပဏီ၏ ဒေါ်လာ ၂၀ ဘီလီယံအား အပိုင်း ၈ ပိုင်းဖြင့် ကမ်းလှမ်းရောင်းချမှုတို့က ရပ်တည်ခဲ့ကြပါသည်။ဘဏ်ကြီးများ၏ ထုတ်ဝေရောင်းချမှုသည်လည်း စုစုပေါင်း ထုတ်ဝေရောင်းချခဲ့သည့် ပမာဏတွင် သိသာထင်ရှားသော အစိတ်အပိုင်း တစ်ခုအဖြစ် ပါဝင်ခဲ့ပါသည်။ ယင်းတို့တွင် BofA ၏ ဒေါ်လာ ၇ ဘီလီယံအား အပိုင်း ၃ ပိုင်းဖြင့် ကမ်းလှမ်းရောင်းချမှု၊ UBS ၏ ဒေါ်လာ ၅.၂၅ ဘီလီယံအား အပိုင်း ၄ ပိုင်းဖြင့် ကမ်းလှမ်းရောင်းချမှု၊ Barclays နှင့် Lyods ဘဏ်တို့၏ ဒေါ်လာ ၄ ဘီလီယံအား ကာလသက်တမ်း အမျိုးမျိုးဖြင့် ထုတ်ဝေရောင်းချမှုတို့ပါဝင်ခဲ့ပါသည်။ အခြားပမာဏ မြင့်မားသည့် ထုတ်ဝေရောင်းချမှုများတွင် ဘရာဇီးနိုင်ငံ၏ ဒေါ်လာ ၄.၅ ဘီလီယံအား အပိုင်း ၂ ပိုင်းဖြင့် ထုတ်ဝေရောင်းချမှု၊ AbbVie ကုမ္ပဏီ၏ ဒေါ်လာ ၈ ဘီလီယံအား အပိုင်း ၇ ပိုင်းဖြင့် ထုတ်ဝေရောင်းချမှု၊ SV RNO ကုမ္ပဏီ၏ ဒေါ်လာ ၇.၆ ဘီလီယံ ထုတ်ဝေရောင်းချမှု၊ Walt Disney နှင့် Amgen ကုမ္ပဏီတို့၏ ဒေါ်လာ ၄ ဘီလီယံ ထုတ်ဝေရောင်းချမှုများ ပါဝင်ပါသည်။

အာရှ-ပစိဖိတ်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အဘူဒါဘီ ပြည်နယ်၏ ဒေါ်လာ ၃ ဘီလီယံအား အပိုင်း ၂ ပိုင်းဖြင့် ကမ်းလှမ်းရောင်းချမှုသည် ထိပ်ဆုံးမှ ဦးဆောင်ခဲ့ပြီး ကိုရီးယားနိုင်ငံ၏ ဒေါ်လာ ၃ ဘီလီယံအား အပိုင်း ၂ ပိုင်းဖြင့် ကမ်းလှမ်းရောင်းချမှု၊ အင်ဒိုနီးရှားနိုင်ငံ၏ ယူရို ၂.၇ ဘီလီယံအား အပိုင်း ၃ ပိုင်းဖြင့် ကမ်းလှမ်းရောင်းချမှု၊ CICC လုပ်ငန်းစု၏ ဒေါ်လာ ၁.၄ ဘီလီယံအား အပိုင်း ၂ ပိုင်းဖြင့် ကမ်းလှမ်းရောင်းချမှု၊ NAB ဘဏ်၏ ဒေါ်လာ ၁.၄၃ ဘီလီယံ တန်ဖိုးရှိ ငွေကြေးအမျိုးမျိုးဖြင့် ထုတ်ဝေရောင်းချမှုနှင့် Advanced Info Services ကုမ္ပဏီ၏ ဒေါ်လာ ၁ ဘီလီယံအား အပိုင်း ၂ ပိုင်းဖြင့် ကမ်းလှမ်းရောင်းချမှု တို့ဖြင့် ဈေးကွက် ဖြစ်ပေါ်ခဲ့ပါသည်။

**ရဲဝေဖြိုး**


**ကိုးကား** https://bondblox.com/news/february-2026-90-of-dollar-bonds-rally-in-february-as-treasury-yields-shift-sharply-lower?page=7




# ဈေးကွက်ဆိုင်ရာအချက်အလက်များ




## ၂၀၂၆ခုနှစ်၊ မတ်လ အထိ ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုများ





## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လ အထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ





## စာရင်းဝင်ကုမ္ပဏီ(၈)ခု၏ အစုရှယ်ယာရောင်းဝယ်မှုများ (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လ အထိ)




## စာရင်းဝင်အကြိုဈေးကွက်၌ အစုရှယ်ယာရောင်းဝယ်မှုများ (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လ အထိ)




## ဆင့်ပွားဈေးကွက်တွင် အစိုးရငွေတိုက်စာချုပ်များရောင်းဝယ်မှု (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လ အထိ)





# အာဆီယံဆိုင်ရာ သတင်းများ



## (၄၄) ကြိမ်မြောက် အာဆီယံအရင်းအနှီးစျေးကွက်ဖိုရမ် ဒုတိယအကြီးအကဲများ အစည်းအဝေးသို့တက်ရောက်ခြင်း












၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် မှ ၃၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ ၊ ပလာဝန်ပြည်နယ်၊ ကိုရွန်မြို့တွင် ကျင်းပမည့် (၄၄) ကြိမ်မြောက် အာဆီယံအရင်းအနှီးစျေးကွက်ဖိုရမ် ဒုတိယအကြီး အကဲများ အစည်းအဝေး ကို ကျင်းပပြုလုပ်ခဲ့ရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ကြည်ကြည်ခင်ဆွေ တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ဒုတိယ အကြီးအကဲများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဤသတင်းလွှာတွင်ပါရှိသော အကြောင်းအရာများကို အသိပညာမျှဝေပေးခြင်းအတွက်သာ ရည်ရွယ်ဖော်ပြအပ်ပါသည်။**